**တနင်္သာရီ မြစ်ရိုးတစ်လျှောက် ပါဝင်ဆင်နွှဲကျင်းပခဲ့သည့် ခရစ်စမတ်နှင့် ကရင်နှစ်သစ်ကူးပွဲတော်**

ရေးသားသူ - အက်(ရှ်)လေဆောက် (Ashley South)		၁၁ ဇန်နဝါရီလ၊ ၂၀၁၇။

မြောက်မှတောင်သို့ ကွေ့သွယ်စီးဆင်းနေကာ၊ မြိတ်မြို့အနီး၌ ပင်လယ်ထဲသို့ စီးဝင်သွားသော တနင်္သာရီမြစ် (စကောကရင်အခေါ် တနီးသာရီ ကလို့) အား မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းရှိ တနင်္သာရီဒေသအား အစွဲပြု ခေါ်ဝေါ်ထားသည်။ ဤဒေသသည် ကရင်အမျိုးသားအစည်းအရုံး (KNU[1])၏ အခြေစိုက်စစ်ဌာနချုပ်များအနက် အကြီးဆုံးဖြစ်သော မုတ္တမ-ထားဝယ်ခရိုင် အခြေစိုက် ဌာနရှိရာနှင့် ကေအမ်ယူ၏ တိုက်ခိုက်ရေးဌာနတစ်ခုဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA[2]) တည်ရှိရာ နေရာလည်း ဖြစ်သည်။

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလကာလအထိ ထိုတနင်္သာရီမြစ်ကြောင်း၏ အလယ်ပိုင်း ဒေသများသည် ကေအမ်ယူ၏ အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် ရှိခဲ့ပြီးလည်း၊ မြန်မာအစိုးရစစ်တပ် (တပ်မတော်) မှ ကွီးဝါးဝါး ဒေသ မှစတင်ကာ၊ မင်းသမီးထီး (ထီးကီး) ဒေသရှိ စစ်ဌာနချုပ်ဟောင်းနှင့် မင်းသမီးထ (ထီးထ) ဒေသအနီး မြစ်ရိုးတစ်လျှောက်ပေါ်ရှိ ရွာကြီးတစ်ခုအား တိုက်ခိုက်သိမ်းပိုက်သည်မှ အစပြု၍ ယင်းမြစ်အလယ်ပိုင်းဒေသကို ဆုံးရှုံးခဲ့ရသည်။

ထိုကာလများ အတွင်း၌ပင် တပ်မတော်မှ မြစ်ကြောင်းအခြေတစ်လျှော ယခင် ကေအမ်ယူမှ အခြေအကုတ် ရယူထားသည့် ဒေသများတွင်ပါ စစ်စခန်းများကို တိုးချဲ့ တည်ထောင်ခြင်းများ ပြုလုပ်လာခဲ့သည်။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူလူထုအများစုသည် မြစ်အနောက်ဘက်ဒေသရှိ တောရိုင်း သစ်တောများနှင့် မက်စောက်လှသော တောင်တန်းများပေါ်တွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ (IDPs[3])များ အနေဖြင့် နေထိုင်ခြင်း၊ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခြင်းများအား ပြုလုပ်ခဲ့ကြသည်။ အများစုမှာ ထိုင်းနိုင်ငံ၊ ရချာဘူရီ တိုင်းဒေသကြီးရှိ စူရမ်ပွန်းဒေသအနီး သံဟင်းဒုက္ခသည်စခန်းများဆီသို့ ဝင်ရောက် ခိုလှုံခဲ့ကြသည်။ အချို့မှာ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ထိုင်း-ကရင်လူမျိုးများနေထိုင်ရာ ရွာများတွင် အခြေချ နေထိုင်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်ကာလတွင် ကေအမ်ယူမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့သည့် အချိန်မှစတင်ကာ တစ်ချို့သော နေရပ်စွန့်ခွာ ထွက်ပြေးနေကြသူများသည် မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသများသို့ ပြန်လည် အခြေချနေထိုင်လာခြင်းတို့အား စတင် ပြုလုပ်လာကြသည်။ ဥပမာ တိုးထေးထရွာ (ယခင် ကေအမ်ယူ၏ မုတ္တမ-ထားဝယ် ခရိုင်အတွင်းရှိ စစ်ဌာနချုပ် ခြောက်ခုအနက် တစ်ခုဖြစ်ခဲ့သော လာမူလာမြို့နယ်ရှိ စစ်ဌာနချုပ်နေရာ)အား ၁၉၉၇ ခုနှစ်တွင် စွန့်ခွာခဲ့သော်လည်း၊ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပြုလုပ်အပြီး လအနည်းငယ်အကြာ၊ မိုးတွင်းကာလအကုန်တွင် ယင်းတိုးထေးထရွာအား ကေအမ်ယူ၏ မြစ်ကြောင်းအလယ်ပိုင်းရှိ အဓိက အုပ်ချုပ်ရေး စစ်ဌာနချုပ်အဖြစ် ပြန်လည်တည်ထောင် နေရာချခဲ့သည်။ ကေအမ်ယူမှ အထက်တန်းကျောင်း၊ ဆေးပေးခန်းနှင့် ဆေးရုံတစ်ခုစီတို့အားလည်း တည်ဆောက် ပေးခဲ့သည်။

---

[1] Karen National Union
[2] KNLA: Karen National Liberation Army
[3] IDP: Internally Displaced Persons

တနင်္သာရီဒေသအတွင်း၌ တိုးထေးထရွာနှင့် အခြား ကေအမ်ယူအုပ်ချုပ်ရေးဌာနများအား ပြန်လည်ထည်ထောင်ရေးလုပ်ငန်းများကို ဂျပန်နိုင်ငံအခြေစိုက် နီပွန်အဖွဲ့အစည်းမှနေ၍ ထောက်ပံ့ကူညီပေးရာ၊ ဥပမာအနေဖြင့် ထိုဒေသတစ်ခုချင်းစီအတွင်း၌ ကေအမ်ယူအဖွဲ့ဝင် မိသားစုများအတွက် နေရာထိုင်ခင်း၊ အိမ်အလုံးပေါင်း ၁၀၀ ကို ဆောက်လုပ်ပေးခြင်းတို့ ပါဝင်သည်။ အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် အလှူရှင်များ) မှလည်း ကာလကြာရှည်စွာ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခစစ်ပွဲများကြောင့် လူသူနေထိုင်ခွင့် မပြုနိုင်ဖြစ်ခဲ့ရသည့် ၎င်းဒေသများအား ပြန်လည်ထူထောင်ရေးများကို စတင်လုပ်ဆောင်ပေးလျက် ရှိကြသည်။ ထိုပြန်လည် ထူထောင်ပေးလျက်ရှိသော နေရာများတွင် မြန်မာနိုင်ငံတော် အစိုးရနှင့် ကေအမ်ယူတို့ အတူတကွ ပူးပေါင်းအုပ်ချုပ်လျက်ရှိသော (သို့မဟုတ်) ပဋိပက္ခ ဆက်လက် ဖြစ်ပွားနေသေးသော "ရောထွေးအုပ်ချုပ်ရေး" ဒေသများပါ ပါဝင်ပေသည်။

နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းအများစုသည် မြန်မာအစိုးရ၏ ညွှန်ကြားချက်များအရ လိုက်နာဆောင်ရွက်လျက်ရှိကြရာ၊ ကေအမ်ယူ၏ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအား အရေးတယူ ထည့်သွင်းစဉ်းစားခြင်းများ ပြုလုပ်ရန် မကြာခဏ ပျက်ကွက်နေခြင်းများ ရှိနေသည်။ သိလျက်ဖြင့်ဖြစ်စေ၊ မတော်တဆကြောင့်ဖြစ်စေ ထိုအဖွဲ့အစည်းအများစုမှ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းအစီအစဉ်များသည် မြန်မာအစိုးရ၏ အခွင့်အာဏာနှင့် မရင်းနှီးမကျွမ်းဝင်သေးသော၊ လက်သင့်မခံနိုင်သေးသော ကရင်တိုင်းရင်းသားများ နေထိုင်ရာ ဒေသများသို့ မြန်မာအစိုးရ၏ အချုပ်အခြာအာဏာ ပျံ့နှံ့ရောက်ရှိအောင် လုပ်ဆောင်နေသကဲ့သို့ ဖြစ်နေသည်။ နိုင်ငံတကာဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် အထောက်အပံ့ပေးရေးဆိုင်ရာ လှုပ်ရှားမှု အဖွဲ့အစည်းများအနေဖြင့် ထိုသို့ လုပ်ဆောင်နေမှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်လျက်ရှိနေသည့် ဒေသခံပူးပေါင်းပါဝင် ဆွေးနွေးနေကြသူများ၏ ၎င်းတို့အပေါ် ယုံကြည်ကိုးစားမှုများကို လျော့နည်း၊ ပျောက်ကွယ်စေသည်။

ကျွန်ုပ်မှ၊ ကရင်တိုင်းရင်းသား နေရပ်စွန့်ခွာ ထွက်ပြေးနေသူများအတွက် အထောက်အပံ့များ ပေးအပ်ရန်အလို့ငှာ ယခင် ၁၉၉၆ ခုနှစ်အတွင်း သွားရောက်လည်ပတ်ဖူးခဲ့သော တိုးထေးထရွာသို့ ယခုနှစ် ဧပြီလအတွင်း ပြန်လည်သွားရောက်ခွင့် ကြုံခဲ့သည်။ ထိုမျှမက ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကရင်နှစ်သစ်ကူးပွဲတော်အားလည်း ကျွန်ုပ်၏ မိသားစုခင်မင်သူများနှင့် ဆင်နွှဲခွင့် ကြုံကြိုက်ခဲ့ရသည်။ ကျွန်ုပ်၏ခရီးလမ်းမှာ ကေအမ်ယူ၏ ယခု ခရိုင်စစ်ဌာနချုပ်ရှိရာ အမ်လဒေသ (ထီးထဒေသ၏ တောင်ဘက်နေရာအနီး) မှတစ်ဆင့် မြစ်ကြောင်းတစ်လျှောက် သစ်ခေါင်းကို ထွင်းထားသည့်၊ ဆူဆူညံညံ ကင်းမြီးကောက်သဏ္ဍာန် အင်ဂျင်စက်အား တပ်ဆင်ထားသည့် အလျားရှည် လောင်းလှေပေါ်တွင် ကိုးနာရီမျှကြာအောင် စီးနင်းသွားရောက်ခဲ့ရသည်။ ကျွန်ုပ်တို့၏ မြစ်ကြောင်းခရီးစဉ်အတွင်း(ကရင်လူမျိုးခရစ်ယာန်ရွာ များမှာ တစ်ရွာနှင့်တစ်ရွာ ခရစ်စမတ် အချိန်ကာလ မတူညီသည့်အလျောက်) ကရင်ရွာနှစ်ရွာ၌ ခရစ်စမတ်ပွဲ ဆင်နွှဲရန် ညအိပ်ရပ်နားခဲ့ကာ၊ ကျောင်းသားများအား လက်ဆောင်ပစ္စည်းများလည်း ပေးအပ်ခဲ့ကြသေးသည်။ ထိုအချိန်အခါသမယ ဧပြီလ၌ မြစ်ရေပြင်သည် အတော်လေး မြင့်တက်လျက်ရှိသေးရာ၊ မြစ်ရေ အတိမ်အနက် အလျင်သွားလာနှုန်းများအားလည်း လေ့လာခွင့် ရရှိခဲ့သည့်အပြင်၊ မြစ်ရေပြင်ရှိ

ကျောက်တုံးကျောက်ခဲများအား ရှောင်ရှားသွားရန် ကျွမ်းကျင်လှသော လှေမောင်းသမားမှ လှေအား အတားအဆီးများမှ ကွေ့ပတ်မောင်းနှင်ပေးစဉ်၊ ကျွန်ုပ်တို့မှ တစ်ခါတစ်ရံ လှေပေါ်မှဆင်း လမ်းလျှောက်သွားခြင်းများအားလည်း ပြုလုပ်ခဲ့ရသည်။

၁၉၉၀ ခုနှစ်များအတွင်း ဤမြစ်ကြောင်းတစ်လျှောက်၌ သစ်ခုတ်ခြင်းများအား ပြုလုပ်ခဲ့သော်လည်း၊ ယခုအခါ သစ်တောများ ပြန်လည် ပေါက်ရောက်လျက် ရှိသည်။ ကျွန်ုပ်တို့မှ တောင်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ရိုးတစ်လျှောက် အရှေ့အနောက် သွယ်တန်းနေသော သစ်ပင်များ ထူထပ်ပေါက်ရောက်နေသည့် တောင်ကုန်းတောင်တန်းများ ရှိလာသည်။ အောက်ချင်းငှက်များ၊ အမျိုးမျိုးသော အသွင်သဏ္ဍာန်ရှိ မျောက်မျိုးစိတ်များ၊ ဖွတ်ကောင်များ၊ တောက်တောက်ပပ လှပနေသည့် ရွှေပြာရောင် ပိန်းညှင်းငှက်များ၊ ဦးခေါင်းညွှတ်ထိုး ရေသောက်ဆင်းလာသည့် ဆင်တစ်ကောင် ကျွန်ုပ်တို့၏ လှေအရှေ့၌ ပျံသန်းပြေးထွက်သွားသော တောကြက်တစ်ကောင်၊ လင်းယုန်ငှက်နှင့် သိမ်းငှက်အကြီးစားများနှင့်တကွ၊ ပိုးမွှားကောင်များ ရှာဖွေစားသောက်ရန် မြစ်ရေပြင်သို့ ထိုးဆင်းပျံသွားနေကြသည့် ပျံလွှားငှက်များကိုပါ တွေ့မြင်ခဲ့ရသည်။ ခရီးစဉ်နောက်ပိုင်းတွင်မူ ရွာသားများမှ အိမ်မွေးတိရိစ္ဆာအဖြစ် မွေးမြူထားသော အာရှပေါက် ဝက်ဝံနက် နှစ်ကောင်အားလည်း တွေ့မြင်ခဲ့ရသေးသည်။ ထိုမျှမက အင်တာနက်၊ တယ်လီဖုန်း ဆက်သွယ်မှုများနှင့် ကင်းဝေးစွာ နှစ်ညတာ အပန်းဖြေနားနေခွင့် ရခဲ့သည့်မှာလည်း စိတ်အာရုံအား ရှင်းလင်း နိုးကြားစေခဲ့သည်။

အထက်ပါ လှပအံ့သြဖွယ်များထက် ထူးကဲစွာ၊ ကျွန်ုပ်၏ စိတ်နှလုံးအား သိမ်းကျုံးစွဲငင်သွားစေသည့် အချက်မှာ နှစ်ပေါင်းကြာရှည်စွာ တောကြိုအုံကြားများအတွင်း ပုန်းအောင်းနေထိုင်ခဲ့ရာမှ သို့မဟုတ် ထိုင်းလူမှုအသိုင်းအဝိုင်းများအတွင်း အစွန်အဖျား၊ ခွဲခြားဆက်ဆံမှုများအကြား နေထိုင်ခဲ့ကြရာမှ ယခုကဲ့သို့ ပြန်လည်ထူထောင်၊ နေရာချနေထိုင်ခြင်းများအား ပြုလုပ်နေလျက်ရှိသော ရွာသူရွာသားများ၏ အံ့သြဖွယ်ရာ ရဲစွမ်းသတ္တိနှင့် စိတ်အားထက်သန်မှုများ၊ ရက်ရောစွာ ချစ်ခင်ကြိုဆိုမှုများပင် ဖြစ်သည်။ ထိုင်းနိုင်ငံ၏ ဒုက္ခသည်စခန်းများမှ ပြန်လည်ရောက်ရှိလာသော လူများကိုမူ ထိုရွာများအတွင်း မတွေ့ခဲ့ရပေ။ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသူ အများစုမှာ ထူထပ်လှသော တောရိုင်းများအတွင်း ပုန်းရှောင်နေထိုင်ခဲ့ကြရာ မှ မြစ်ရိုးတစ်လျှောက် ရွာများဆီသို့ ပြန်လည်အခြေချ နေထိုင်လာသူများ၊ ထိုင်း-မြန်မာနယ်စပ်ရွာများတွင် "တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ"များအဖြစ် နှစ်ပေါင်း ၂၀ ကျော်ကြာ တရားဝင် နိုင်ငံကူးလက်မှတ်၊ အထောက်အထားမဲ့ နေထိုင်ခဲ့ကြသူများကိုလည်း တွေ့ခဲ့ရသည်။

ကျွန်ုပ်တို့မှ ဆယ်စုနှစ်များစွာကြာအောင် ကြောက်ရွံ့မှု၊ ဒုက္ခသုက္ခများအကြား ခံစားခဲ့ရမှု အခြေအနေများ၊ တပ်မတော်ဘက်မှ လူ့အခွင့်အရေးချိုးဖောက်၊ ညှဉ်းပန်းနှိပ်စက်မှုများ စသည့် အကြောင်းများကိုလည်း ကြားသိခဲ့ရသည်။ အမျိုးသမီးတစ်ဦးမှနေ၍ ၂၀၀၂ ခုနှစ်တွင် တပ်မတော်မှ သူမ၏ အစ်ကိုနှစ်ယောက်အား တစ်ပတ်အတွင်း၌ မတူညီသော အကြောင်းအချက်များဖြင့် သတ်ပစ်ခဲ့သောအကြောင်းများ၊ အကျိုးဆက်အနေဖြင့် သူမ၏ အစ်မမှာ တောထဲ၌ ကလေးမွေးဖွားစဉ်အတွင်း အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းများအားလည်း ကျွန်ုပ်တို့အား ပြန်လည်ပြောပြခဲ့သည်။ ထိုင်းနိုင်ငံမှ ပြန်လာခဲ့သည့် ထွက်ပြေးတိမ်းရှောင်သူများမှ ထိုင်းနယ်စပ်အတွင်း ကြောက်ရွံ့မှု၊ မလုံခြုံမှုများအကြား မည်ကဲ့သို့ နေထိုင်လာရကြောင်း၊ ၎င်းတို့၏ ဘဝများအား

ပြန်လည်တည်ဆောက်နိုင်ရန် အလို့ငှာ လွတ်မြောက်သော ကော့သူးလေ (ကရင်တိုင်းပြည်) သို့ ပြန်လည်လိုစိတ်များအကြား နေထိုင်ခဲ့ရကြောင်း တို့အား ပြောပြခဲ့ကြသည်။ ၎င်းတို့ ရွာများအား ပြန်လည်တည်ထောင်သည့် လုပ်ငန်းမှာ အားအင်၊ ကြိုးပမ်းရုန်းကန်ရမှုများ မြောက်များစွာ ပါဝင်လျက်ရှိသည်။ အများစုမှာ အဝတ်အစားဟောင်းများ ဝတ်ဆင်ထားပြီး၊ အနည်းငယ်သော ငွေကြေးဥစ္စာ ပိုင်ဆိုင်ခွင့်များသာ ရှိသည့်၊ အများအားဖြင့် ဝါးဖြင့်ဆောက်လုပ်ထားသည့် အိမ်များတွင် နေထိုင်နေရရှာသည့်၊ တောင်ပေါ်ဒေသ ရွှေ့ပြောင်း ထွန်ယက်လေ့ရှိကြသည့် လယ်ယာမြေများတွင် ဆန်စပါး စိုက်ပျိုးလုပ်ကိုင်နေလျက်ရှိသည့် ၊ တောတောင်ဒေသရှိ ဟင်းသီးဟင်းရွက်၊ မြစ်ငါးများအပေါ် စားသောက် မှီခိုနေရရှာသည့် ဆင်းရဲသား လူတန်းစားများသာ ဖြစ်ကြသည်။

တနင်္သာရီမြစ်သည် ယင်းမြစ်ရိုးရှည်တစ်လျှောက် ရေအားလျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်းများ၊ ယင်းမြစ်ကမ်းပါးများပေါ်၌ စက်မှုလုပ်ငန်းများတည်ထောင်မှုများ မရှိသေးသည့်အားလျော်စွာ၊ ထည်ဝါခန်းနားစွာ ဆက်လက်တည်ရှိနေသေးသည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲသည့် အချိန်မှစ၍ ရွှေတူးဖော်ခြင်းများအား ပြုလုပ်လာလျက် ရှိသည်။ ထိုသို့ ရွှေတူးဖော်ခွင့် ရရှိ၊ ပြုလုပ်နေလျက်ရှိသည့် ကုမ္ပဏီများအား ထားဝယ်နှင့် မြန်မာနိုင်ငံ၏ အခြားသော ဒေသများမှ လာရောက်ကြသူများ ဖြစ်ပြီး၊ ထိုလုပ်ငန်းများအတွင်း ခန့်အပ်ထားသည် အလုပ်သမားများစုမှာ ဧရာဝတီမြစ်အထက်ပိုင်းတွင် ရွှေတူးဖော်ခြင်း လုပ်ငန်းအတွေ့အကြုံရှိကြသည့် ကချင်လူမျိုးများ ဖြစ်ကြသည်။

လက်ရှိကာလတွင် အသေးစား မြစ်ပြင် တူးဖော်မှုမြောက်များစွာအပြင်၊ (ဘတ်စ်ကား အကြီးကြီးများ၏ အရွယ်နှင့် ညီမျှသည့်) တူးဖော်တွင်း စုစုပေါင်း ၆ ခုအား မြစ်ကြောင်း၏ အလယ်ပိုင်း ဒေသတစ်လျှောက် လုပ်ကိုင်နေလျက်ရှိသည်။ ဤလုပ်ဆောင်မှုများသည် ဒေသဆိုင်ရာ မြစ်ပြင်အတွင်း မြေဆီလွှာအနည်ကျခြင်း သဘာဝဖြစ်စဉ်အား ဟန့်တားနှောက်ယှက်သည့်အပြင်၊ မြစ်ကြောင်း ပြောင်းလဲစေခြင်း စသော ရေရှည် ထိခိုက်ခြင်းများကိုလည်း ဖြစ်ပွားစေလျက် ရှိသည်။ အထူးသဖြင့် တူးဖော်ရာမှ ထွက်လာသော ကျောက်တုံးကျောက်ခဲ၊ မြေစာတုံးများအား မိုင်ပေါင်းများစွာ စွန့်ပစ်စုပုံခြင်း လုပ်ငန်းများ ပါဝင်သော အကြီးစား တူးဖော်စင်များမှ မိုးတွင်းကာလအတွင်း မြစ်ရေစီးဆင်းမှုကို အနှောင့်အယှက် ပြုနေသည်။ ထိုမျှမက ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မာကျူရီဓာတ်သတ္တုအား သုံးစွဲမှုသည်လည်း မြစ်ကြောင်းတစ်လျှောက် မှီတင်းနေထိုင်နေကြသည့် လူသားများအပါအဝင် အခြားသော သက်ရှိသတ္တဝါများ၏ ကျန်းမာမှုကိုလည်း ဆိုးရွားစွာ ထိခိုက်စေသည်။

ကျွန်ုပ်အား ရွာတစ်ရွာမှ ပြောပြသည်မှာ "အကယ်၍ ကျွန်တော့မှာသာ အခွင့်ရှိခဲ့ရင်၊ အဲဒီ ရွှေတူးလုပ်ငန်းလုပ်နေတဲ့ ရွှေတူးမိုင်းစင်တွေကို ဘယ်တော့မှ မမြင်တွေ့ရအောင် တောင်တစ်ဖက်ခြမ်းဖက်ကို လွှတ်ပစ်လိုက်ချင်တယ်" ဟူ၍ ပြောပါသည်။

ရေးနှစ်များအတွင်း မြစ်ကြောင်းတစ်လျှောက်နှင့်၊ ယင်းနှင့် ဆက်စပ်နေသည့် တောအုပ်များအတွင်း သစ်ခုတ်ခြင်းများ နည်းပါးခဲ့သော်လည်း၊ ဒေသအနာဂတ်ဖွံ့ဖြိုးတိုးတက်မှု ဟူသည့် ခေါင်းစဉ်အောက်တွင် လုပ်ဆောင်လျက်ရှိသည့် ဤရွှေတူးဖော်မှုလုပ်ငန်းသည် အငြင်းပွား၊ သံသယရှိဖွယ် ဖြစ်သည်။ ကေအမ်ယူခေါင်းဆောင်အချို့နှင့် ပတ်သက်ဆက်နွယ်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက ကုမ္ပဏီအချို့သည် ထီးကီးဒေသ ကေအမ်ယူစစ်ဌာနချုပ်နေရာ၌ မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ် ထုတ်လုပ်မှုနှင့် လမ်းတည်ဆောက်မှု စသော လုပ်ငန်းများ ဆက်စပ်ပါဝင်နေသည့် စက်မှုဇုံတည်ဆောက်ရန်

တရုတ်ပိုင်ကုမ္ပဏီများနှင့် နားလည်မှု သဘောတူညီလွှာ ရေးထိုးခြင်းများ လောလောလတ်လတ် ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် ရေအားလျှပ်စစ်လုပ်ငန်းနှင့် လမ်းတည်ဆောက်ခြင်းများ သည် ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဖွဲ့စည်းတည်ဆောက်မှု ယန္တရားများကိုပါ ပြင်းထန်ကြီးမားသော ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပွားစေနိုင်သည်။ သို့သော်လည်း နားလည်မှု သဘောတူညီလွှာများမှာ ဒေသခံလူမှုအဖွဲ့အစည်းများသို့ ထင်ရှားပွင့်လင်းစွာ ဆွေးနွေး ညှိနှိုင်းမှုများ၊ အကြံဉာဏ် သဘောဆန္ဒတောင်းဆိုခြင်းများအား ပြုလုပ်ပေးခြင်းများ ပျက်ကွက်နေသည်။

ထိုလုပ်ငန်းစဉ်များသည် ကေအမ်ယူမှ ဘေးကြပ်နံကြပ်၊ စဉ်းစားဆုံးဖြတ်ရခက်သော အခြေအနေများကို ညွှန်ပြနေပေသည်။ အပစ်အခတ်ရပ်စဲရေးများအတွင်း မြန်မာအစိုးရနှင့် တပ်မတော်မှ ပဋိပက္ခ ကာလများအတွင်း ကေအမ်ယူမှ နှစ်ပေါင်းကြာမြင့်စွာ ရွာသူရွာသားများထံမှ ကောက်ခံရယူလေ့ရှိသည့် အခွန်ငွေကောက်ခံမှုများ တိုးမြှင့်ပြုလုပ်ခွင့် စသည်တို့အား ကန့်သတ်ပိတ်ပင်ထားသည်။ လက်ရှိတွင် အပစ်အခတ်ရပ်စဲမှုသဘောတရားအရ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှလည်း လက်နက်သိုလှောင်စုဆောင်းမှုများ ပြုလုပ်ရန် မလိုအပ်ခြင်းများကြောင့်၊ ကေအမ်ယူသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ခရီးသွားလာမှုများနှင့် လုပ်ငန်းဆိုင်ရာအသုံးအစွဲများ အပါအဝင်၊ အဖွဲ့အစည်း လုပ်ငန်းလည်ပတ်မှုနှင့် အဖွဲ့ဝင်များအတွက် ကုန်ကျစရိတ်များ ပေးချေသုံးစွဲခြင်းများအတွက် အခက်အခဲများစွာ တွေ့ကြုံနေရသည်။ ယင်းအကျိုးဆက်ကြောင့် တစ်ချို့သော ကေအမ်ယူခေါင်းဆောင်များမှ ရွှေတူးဖော်ခြင်းနှင့် အခြားသော လုပ်ငန်းများအား ရန်ပုံငွေအရင်းအမြစ် တစ်ခုအဖြစ် စဉ်းစားလာကြခြင်းဖြစ်သည်။ တစ်ချို့သော ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှာမူ လူမှုအသိုင်းအဝိုင်း၊ သဘာဝပတ်ဝန်းကျင်များအား ပျက်စီးယိုယွင်းစေပြီးမှ ရလာသည့် ထိုစီးပွားရေး လုပ်ငန်းကြီးများမှ ဝင်ငွေရန်ပုံငွေများအား ယူသင့်မယူသင့်အား မေးခွန်းထုတ်လျက် ရှိသည်။

ပဋိပက္ခကြုံတွေ့နေရသည့် လူမှုအသိုင်းအဝိုင်းများအား ကျန်းမာရေး၊ ပညာရေးကဏ္ဍများအား အတော်အလျောက် ထောက်ပံ့ပေးခြင်းများအပါအဝင် အုပ်ချုပ်ရေး လုပ်ငန်းများကိုပါ ပေးအပ်ဆောင်ရွက်လာခဲ့သည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအနေအဖြစ်မှ ဒေသပိုင်းအဆင့် အစိုးရတစ်ရပ်ဆီသို့ ကူးပြောင်းရန်မှာ ကေအမ်ယူအနေဖြင့် မလွယ်ကူလှချေ။ အထူးသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားလျက်ရှိသည့် အစိုးရ-လူမှုအဖွဲ့အစည်းနှင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရန် ကြိုးပမ်းမှုဆိုင်ရာ ရှေ့ဆောင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများနှင့် နိုင်ငံရေးဆွေးနွေးမှု ကြိုးပမ်းရေးဆိုင်ရာ ကြားကာလများအတွင်း အကောင်အထည်ဖော်ပေးရန်မှာ မလွယ်ကူချေ။ ကေအမ်ယူအတွက် စိန်ခေါ်မှု တစ်ရပ်မှာ ၎င်းမှ တိုက်ရိုက် အုပ်ချုပ်ရာဒေသများအတွင်း သို့မဟုတ် အစိုးရနှင့် ပူးပေါင်းအုပ်ချုပ်ရာ ဒေသများအတွင်း သဘာဝပတ်ဝန်းကျင်များအား ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ပြီး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ပူးပေါင်းအကောင်အထည်ဖော်ပေးနိုင်မည့် အကျိုးရလာဒ်ကောင်းများ ပေးစွမ်းနိုင်ပြီး၊ ယုံကြည် ကိုးစားနိုင်မည့် ခေါင်းဆောင်မှုတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ကြောင်း ပြသနိုင်ရန် ဖြစ်ပေသည်။

**ခေါင်းစဉ် - ပဋိပက္ခ၊ သဘာဝပတ်ဝန်းကျင်၊ တိုင်းရင်းရေးရာကိစ္စရပ်များ၊ တပ်မတော်**